# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
## အမိန့်ကြော်ငြာစာအမှတ် ၁၅ /၂၀၂၀

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀ (ခ) အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကော်မရှင်၏ ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်ရရှိထားသော လုပ်ငန်းများ သိရှိလိုက်နာနိုင်ရန်အတွက် အောက်ပါ အမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

### ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပမာဏ တိုးမြှင့်ပြီး ခွင့်ပြုထားသည့်ကာလအတွင်း တိုးချဲ့လုပ်ကိုင်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ

ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၀၄ နှင့်အညီ မူလအဆိုပြု ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပမာဏ၏ ၈၀ ရာခိုင်နှုန်းထည့်ဝင်ပြီးနောက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပမာဏတိုးမြှင့်၍ ပုဒ်မ ၇၇ (ဃ) ပါ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များခံစားနိုင်ရန် လျှောက်ထားသည့်အခါတွင် မတည်ရင်းနှီးပမာဏတိုးမြှင့်ခွင့်တင်ပြ၍ ကော်မရှင်၏ ခွင့်ပြုမိန့် တွင် တိုးမြှင့်သွားသည့် မတည်ရင်းနှီးပမာဏကို ပေါင်းထည့်ပြင်ဆင်ရမည်။

(သောင်းထွန်း)

ဥက္ကဋ္ဌ

စာအမှတ်၊ မရက-၆/၁ /၂၀၂၀ ( ၀၀၈၁ )

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၄ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး အားလုံး
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန်

အမိန့်အရ

(သန့်စင်လွင်)
အတွင်းရေးမှူး